# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 10 , 2025 | Volume 92, Number 7


၁၀. ၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၈၇.၁၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၆.၈၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၄.၁၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၀.၅၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၃ ကျပ် |



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## Application အသုံးပြု၍ ထုတ်ကုန်များ ဝယ်ယူရောင်းချနိုင်မည်




မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနဲ့အလတ်စားစီးပွားရေးလုပ်ငန်း MSME တွေအတွက် MSME by G3G Application အသုံးပြုပြီး ပြည်တွင်းထုတ်ကုန်တွေကို အလွယ်တကူဝယ်ယူရောင်းချနိုင်တော့မှာ ဖြစ်တယ်လို့ သိရပါတယ်။

အဲဒီ Application နဲ့ ပြည်သူတွေ ပြည်တွင်းထုတ်ကုန်တွေ ဝယ်ယူရောင်းချနိုင်ဖို့အတွက် ဇူလိုင်လ ၈ ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC မှာ မိတ်ဆက်ပွဲပြုလုပ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးစိုးသိန်းနဲ့ ဝန်ကြီးတွေ တက်ရောက်ကာ Application ကို တရားဝင်ဖွင့်လှစ်ပေးခဲ့တာပါ။

Application ကို MSME လုပ်ငန်းတွေရဲ့ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ဖို့၊ Digital နည်းပညာနဲ့ ပြည်တွင်းထုတ်ကုန်တွေကို ပြည်တွင်းသာမက ပြည်ပဈေးကွက်တွေအထိ ထိထိရောက်ရောက်ရောင်းချနိုင်ဖို့ရည်ရွယ်ချက်နဲ့ ပြုလုပ်ရတာဖြစ်တယ်လို့ သိရပါတယ်။

အဲဒီ Application နဲ့ MSME ထုတ်ကုန်တွေကို တစ်စုတစ်စည်းတည်းရောင်းသူ၊ ဝယ်သူတိုက်ရိုက်ချိတ်ဆက်နိုင်ပြီး ပစ္စည်းအခြေအနေနဲ့ ထုပ်ပိုးပို့ဆောင်မှုတွေကို ကြည့်ရှုလို့ရကာ ဝယ်လိုတဲ့ရက်တွေကိုလည်း ရွေးချယ်နိုင်တယ်လို့ ဆိုပါတယ်။

အဲဒီ Applicationဟာ မြန်မာတစ်နိုင်ငံလုံးရှိ MSME လုပ်ငန်းရှင်တွေအတွက် ဈေးကွက်ချဲ့ထွင်နိုင်ဖို့ အထောက်အကူဖြစ်စေတယ်လို့ MSME လုပ်ငန်းရှင်တွေက ပြောပါတယ်။

Application အသုံးပြုမဲ့ ပြည်သူတွေအနေနဲ့ App store မှာ MSME by G3G လို့ ရှာဖွေပြီး ဒေါင်းလုပ်ဒ်လုပ်ကာ အကောင့်ဖွင့်တာ၊ ပစ္စည်းရှာဖွေတာ၊ ငွေပေးချေတာနဲ့ ပို့ဆောင်မှုအဆင့်တွေကို အလွယ်တကူ လုပ်ဆောင်နိုင် တယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/

## မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ဈေးနှုန်းဈေးကွက်နှင့် အကျိုးအမြတ်ရရှိမှု



ယခုအချိန်သည် မိုးစပါးများစိုက်ပျိုးသောရာသီဖြစ်သည့်အတွက် ပြည်ခရိုင်အတွင်းတွင် ပြည်မြို့တွင် စိုက်ဧက ၁၁၅၂၊ ရွှေတောင်မြို့နယ်တွင် ၈၉၇ ဧက၊ ပေါက်ခေါင်းမြို့နယ်တွင် ၂၅၂၁ ဧက၊ ပန်းတောင်းမြို့နယ်တွင် ၄၇၇ဧက စိုက်ပျိုးပြီးဖြစ်သည်။

မိုးစပါးအဟောင်းမှာဈေးဖွင့်ထားသော်လည်း၂၀၂၅ခုနှစ် အောက်တိုဘာလတွင်ထွက်ရှိသော စပါးအမျိုးအစားမှာ လက်ကျန်နည်းနေသော်လည်း ဈေးနှုန်းအနေဖြင့် ၄၆ ပေါင်တင်း ၁၀၀ လျှင် ၁၆ သိန်းဈေးဖွင့်ထားရှိပြီး အရောင်းအဝယ်မရှိပါ။

၂၀၂၅ ခုနှစ်တွင်ထွက်ပေါ်သောနွေစပါးဈေးမှာ ၄၆ ပေါင်တင်း ၁၀၀လျှင်၁၂ သိန်းကျပ်ဖြင့်ဈေးငြိမ်အရောင်းအဝယ်ရှိနေသည်။ ဆန်ဈေးနှုန်းများမှာ အင်းမရဲဘော်အသစ်တစ်အိတ်လျှင် ၆၃,၀၀၀ကျပ်၊ အင်းမဆူပါတစ်အိတ်လျှင် ၆၅,၀၀၀ကျပ်၊ မနော သုခတစ်အိတ်လျှင် ၅၄,၀၀၀ကျပ်၊ ဆင်းသွယ်အသစ်တစ်အိတ်လျှင် ၅၃,၀၀၀ကျပ်၊ ရိုးနီအသစ်တစ်အိတ်လျှင် ၉၅,၀၀၀ ကျပ်၊ ရတနာတိုးတစ်အိတ်လျှင် ၅၁,၀၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်နှစ်က မိုးစပါးတစ်ဧကကုန်ကျစရိတ်မှာ ၈ သိန်းကျော်ကုန်ကျပြီး၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ၄ သိန်းကျော်အမြတ်ရရှိသည်။ ယခုနှစ်တွင် မိုးစပါးကုန်ကျစရိတ် ခန့်မှန်းအနေဖြင့် ၉ သိန်း ကျော်ကုန်ကျပြီး အကျိုးအမြတ်အနေဖြင့် ၁၅၀,၀၀၀ကျပ်သာရရှိနိုင်ကြောင်း သိရသည်။

**Source : DOCA ပဲခူး**

https://www.doca.gov.mm/

## တိုက်ကြီးမြို့နယ်၌ ဒေသထွက် နာနတ်သီးများ ဈေးရရှိသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဥယျာဉ်ခြံများနှင့် စိုက်ပျိုးရေးခြံများ၌ ပိန္နဲသီး၊ကျွဲကောသီး၊ မာလကာသီး၊ နာနတ်သီးစသည့် ရာသီစာသီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းနှင့် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ရာသီပေါ် နာနတ်သီးများ ဈေးရရှိသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဒေသမျိုးဖြစ်သည့် နာနတ်သီးကို မိုးရာသီအကုန်တွင် သားတက်ကို စတင်စိုက်ပျိုးရာ စိုက်ပျိုးပြီး တစ်နှစ်အတွင်း အသီးဆွတ်ခူး၍ ရကြောင်း၊ မစိုက်ပျိုးမီမြေကို သဘာဝမြေဩဇာထည့်၍ ပြင်ဆင်ထားရကြောင်း ၊ တစ်ပင်နှင့်တစ်ပင် နှစ်ပေအကွာထားရှိပြီး စိုက်ပျိုးခြင်းဖြင့် လေဝင်လေထွက်ကောင်းမွန်ပြီး အပင်ရှင်သန်မှုအားကောင်းလာကြောင်း၊ သားတက်စိုက်ပျိုးပြီး တစ်လအကြာတွင် သဘာဝမြေဩဇာဖြစ်သည့် နွားချေးနှင့် ကြက်ချေးတို့ကို ရေကျွေးရပြီး အခါအားလျော်စွာ ရေလောင်း

ပေါင်းသင်ပေးရကြောင်း၊အဖူးဖူးသည့်အချိန်တွင် သဘာဝမြေဩဇာနှင့်ပုလဲဓာတ်မြေဩဇာရောကျွေးရကာ အသီးဆွတ်ခူးရန် တစ်လအလိုတွင် အသီးအရသာကောင်းမွန်စေရေး ပိုတက်ဓာတ်မြေဩဇာကျွေးရကြောင်း၊ အပင်စိုက်ပျိုးသည်မှ အသီးသီးသည့်အချိန်အထိ စနစ်တကျပြုစုပါက ပုံမှန်ထက် အသီးအရွယ်အစား ကြီးထွားနှုန်း ကွာခြားမှု ရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးခြံများမှ ထွက်ရှိသည့်နာနတ်သီးများသည် ချိုချဉ် အရသာရှိပြီး အရည်ရွှမ်းသဖြင့် ဒေသတွင်းဈေးကွက်တွင်သာမက ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသို့တင်ပို့ရောင်းချရကြောင်း၊ ယခုနှစ် နာနတ်သီးပေါ်ချိန်တွင် အလုံးအကြီး၊ အသေးပေါ်မူတည်၍ဈေးရရှိပြီးနာနတ်သီးကို တစ်နှစ်ပတ်လုံးဆွတ်ခူးရကာအသီးရှားပါးချိန်တွင် ဈေးပိုမိုရရှိကြောင်းသိရသည်။

**Source :** https://www.myawady.net.mm/

## စားတော်ပဲ အဝင်နည်းပြီး အရောင်းအဝယ်သွက်နေ



စားတော်ပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စိုက်ပျိုးပြီးဖေဖော်ဝါရီလမှဧပြီလအထိထွက်ပေါ်လေ့ ရှိသည်။

ဇူလိုင်လဒုတိယပတ်တွင် မန္တလေးကုန်စည်ဒိုင်သို့ စားတော်ပဲ ကနေဒါနှင့် ကျွန်းပဲများဝင်ရောက်မှုရှိပြီး ပစ္စည်းအဝင်နည်းကာဝယ်လိုအားများနေကြောင်း၊ အရောင်းအဝယ်သွက်ပြီး ဈေးတက်လာကြောင်း သိရသည်။

စားတော်ပဲ၅၉ (ကနေဒါ) ဒသမ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၄၄၀,၀၀၀ ကျပ် မှ ၄၄၅,၀၀၀ ကျပ်၊ ယခင်တစ်ပတ် ၄၁၀,၀၀၀ ကျပ်၊ ယခင်လ ကျပ် ၃၇၅,၀၀၀ မှ ၃၈၀,၀၀၀ ကျပ် ဖြစ်သည်။

ယခင်တစ်ပတ်ထက် ၃၀,၀၀၀ ကျပ် မှ ၃၅,၀၀၀ ကျပ်၊ ယခင်လထက် ၆၅,၀၀၀ ကျပ် မှ ၉၅,၀၀၀ ကျပ် မြင့်တက်လာသည်။ စားတော်ပဲ၅၉(ကျွန်း) ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၅၂၀,၀၀၀ ကျပ် မှ ၅၃၀,၀၀၀ ကျပ်၊ ယခင်တစ်ပတ် ၄၉၅,၀၀၀ ကျပ် မှ ၅၂၀,၀၀၀ ကျပ်၊ ယခင်လ ၄၈၀,၀၀၀ ကျပ်မှ ၅၀၀,၀၀၀ ကျပ်ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀,၀၀၀ ကျပ် မှ ၂၅,၀၀၀ ကျပ်၊ ယခင်လထက် ကျပ် ၃၀,၀၀၀ ကျပ် မှ ၄၀,၀၀၀ ကျပ် မြင့်တက်လာသည်။

**Source : မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ကြံလျာထား ကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ကြံလျာထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ကြံရှစ်ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာလျာ ထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာပွင့်ဖြူမြို့နယ်အတွင်း ကြံရှစ်ဧက လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိမှာ သတ်မှတ်စိုက်ကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ကြံကို နှစ်စဉ် မိုးရာသီမှာ စိုက်ပျိုးကြပါတယ်။

ကြံစိုက်ပျိုးတဲ့တောင်သူတွေကိုလည်း အထွက်နှုန်းနဲ့အရည်အသွေးကောင်းဖို့အတွက် စိုက်နည်းစနစ်နဲ့သွင်းအားစုတွေ စနစ်တကျသုံးစွဲနိုင်အောင်အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦး စီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံစိုက်ပျိုးရာ၌ တစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းခန့်ကုန်ကျမှုရှိပြီး တန်ချိန် ၃၀ ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။

ကြံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း သကြားထုတ်လုပ်မှုနှင့် စားသုံးမှုဖူလုံ စေသည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ကြံစိုက်တောင်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ကြံကို တိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဗီယက်နမ်ထုတ်ကုန်များအားပိုမိုအသုံးပြုရန် အမေရိကန်မှ တိုက်တွန်းနေသည့်အတွက် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာ



အမေရိကန်အစိုးရသည် တရုတ်မှထွက်ကုန်များအစား ဗီယက်နမ်မှထုတ်ကုန်များကို ပိုမိုအသုံးပြုရန် တိုက်တွန်းနေသောကြောင့် ဗီယက်နမ်၏ စီးပွားရေးအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာစေနိုင်သည်ဟု သုံးသပ်သူများက ယူဆနေကြပါတယ်။

ဤပြောင်းလဲမှုသည် ဗီယက်နမ်နိုင်ငံအတွက် နိုင်ငံတကာ ဈေးကွက်များတွင်ပိုမိုအရေးပါသောတိုက်ဆိုင်မှုအခြေအနေတစ်ခု ဖြစ်လာကာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ဖန်တီးမှုအတွက် များပြားသော အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပါတယ်။

ထို့ပြင် ဗီယက်နမ်၏ စက်မှုလုပ်ငန်းများနှင့် ထုတ်လုပ်မှုစွမ်းအားများ ပြီးပြည့်စုံကြောင်း အထောက်အထား ပေးနိုင်ပြီး၊ အမေရိကန်၏စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အခြေခံ၍ဒေသတွင်း စီးပွားရေး တိုးတက်မှု အတွက် အကောင်းဆုံးမြင်ကွင်း တစ်ခုဖြစ်လာနိုင်ကြောင်းနိုင်ငံတကာသတင်းများအရ သိရပါတယ်။

**Source : DOCAရေဝတီ**

https://www.doca.gov.mm/

## ၂၀၂၅ ခုနှစ် ပထမလေးလအတွင်း ပီရူးနိုင်ငံ၏ သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုမြင့်တက်လာ



ပီရူးနိုင်ငံ၏ ၂၀၂၅ ခုနှစ်၊ ပထမလေးလအတွင်း သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၁၇ ဒသမ ၂၁၁ ဘီလီယံသို့ရောက်ရှိခဲ့ပြီး၂၀၂၄ ခုနှစ်ကထက်၂၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်းနိုင်ငံ၏သတ္တုတွင်း၊ရေနံနှင့်စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းက ဇွန်လ ၂၃ ရက်နေ့က ပြောကြားခဲ့သည်။

ကြေးနီသည် နိုင်ငံ၏ ထိပ်တန်း တွင်းထွက်ပို့ကုန်အဖြစ် ဆက်လက်တည်ရှိနေပြီး ကြေးနီတင်ပို့မှုသည် ၄၇ ရာခိုင်နှုန်းနှင့် ၎င်း၏နောက်တွင် ရွှေတင်ပို့မှု ၃၆ ရာခိုင်နှုန်းတို့ရှိကြောင်း ထုတ်ပြန်ချက်အရသိရသည်။

ကြေးနီတင်ပို့မှုသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၈ ဒသမ၁၁၃ ဘီလီယံရှိပြီး တစ်နှစ်ထက် တစ်နှစ် ၁၅ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ ရွှေတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၇၂ ဘီလီယံရှိပြီး ၂၀၂၄ ခုနှစ်ကထက် ၄၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ရွှေ၊ ငွေ၊ ကြေးနီနှင့် အခြားတွင်းထွက်ပစ္စည်းများ အဓိကထွက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ပီရူးနိုင်ငံ၏ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုသည် ယခုနှစ်၏ ပထမလေးလအတွင်း စုစုပေါင်း ပို့ကုန်တင်ပို့မှု၏ ၆၅ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**Source : Xinhua**

**DOCA ရန်ကုန်**

https://www.doca.gov.mm/

## Nvidia ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုး ဒေါ်လာ ၄ ထရီလီယံ ရောက်လာ




ချစ်ပ်ထုတ်လုပ်ရေးကုမ္ပဏီ Nvidia ဟာ ဈေးကွက်တန်ဖိုးအမေရိကန်ဒေါ်လာ ၄ ထရီလီယံအထိ မြင့်တက်လာပြီး ဒေါ်လာ ၄ ထရီလီယံတန်ကြေးရှိတဲ့ ကမ္ဘာ့ပထမဆုံးကုမ္ပဏီလည်းဖြစ်လာတယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြပါတယ်။

ဉာဏ်ရည်တု AI နဲ့ ဆက်စပ်တဲ့ နည်းပညာထုတ်ကုန်တွေ ဝယ်လိုအား ဆက်တိုက်မြင့်တက်နေတာကြောင့် Nvidia ရဲ့ ရှယ်ယာတန်ဖိုးဟာ ဇူလိုင် ၉ ရက်မှာ အမေရိကန်ဒေါ်လာ ၁၆၄ ဒေါ်လာအထိ ရှိလာပါတယ်။

အမေရိကန်အခြေစိုက်ကုမ္ပဏီ Nvidia ဟာ ၂၀၂၃ ခုနှစ် ဇွန်လတုန်းက ပထမဆုံးအကြိမ် ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံကို ရောက်ရှိခဲ့ပြီး အဲဒီနောက်ပိုင်းမှာ ဈေးကွက်တန်ဖိုးတွေ ဆက်တိုက်မြင့်တက်ခဲ့တာပါ။Nvidia ရဲ့ နောက်မှာ မိုက်ခရိုဆော့ဖ်က ဒေါ်လာ ၃ ဒသမ ၈ ထရီလီယံနဲ့ ဒုတိယနေရာကရှိနေပြီး သူ့နောက်မှာ Apple, Amazon, Alphabet နဲ့ Meta တို့ ရှိနေပါတယ်။ChatGPT လို မျိုးဆက်သစ် AI မော်ဒယ်လ်တွေအတွက် ချစ်ပ်ဝယ်လိုအားတွေ မြင့်တက်လာတာကြောင့် Nvidia ရဲ့ တန်ဖိုး ဆက်တိုက်မြင့်တက်နေတာ ဖြစ်ပါတယ်။

ဝက်ဘ်ဘုရှ် Wedbush Securities က နည်းပညာလေ့လာသူတစ်ဦးက ဒါဟာ Nvidia အတွက် သမိုင်းဝင်အခိုက်အတန့်ဖြစ်တယ်လို့ ပြောခဲ့ပြီး ကမ္ဘာမှာ AI တော်လှန်ရေးအတွက် Nvidia ဟာ အခြေခံအုတ်မြစ်ပဲလို့ ဆိုပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ပြင်းထန်တဲ့ အကောက်ခွန်စစ်ပွဲကြောင့် Nvidia ရဲ့ ရှယ်ယာဈေးနှုန်းတွေ သိသိသာသာ ကျဆင်းခဲ့ပေမဲ့ နောက်ပိုင်းမှာ ပြန်မြင့်တက်လာတာ ဖြစ်ပါတယ်။ ဒါဟာ ထရမ့်ရဲ့ စီးပွားရေး မူဝါဒတွေကြောင့် စီးပွားရေးကဏ္ဍအများအပြားမှာ မငြိမ်မသက်တွေ ဖြစ်နေပေမဲ့ AI ကဏ္ဍရဲ့ တိုးတက်မှု အပေါ်မှာ Wall Street ရဲ့ ယုံကြည်မှုလက္ခဏာပဲဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

Nvidia ရဲ့ အခုနှစ် ပထမ ၃ လပတ် ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး ပြီးခဲ့တဲ့နှစ်က ထက် ၆၉ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။

**Source :** https://onenewstvchannel.com/

# STOCK EXCHANGE (10.7.2025)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,997 (Shares) | 10,606,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,800 | +0 | +0.00% | 7,300 | 7,300 | 6,800 | 65 | 460,400 | 33,109,694 | 225,146 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,200 | 3,200 | 3,200 | 174 | 556,800 | 38,929,150 | 124,573 |
| MCB | 00003 | 7,300 | -100 | -1.35% | 7,300 | 7,300 | 7,300 | 770 | 5,621,000 | 10,400,986 | 75,927 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 10 | 20,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,800 | 2,800 | 2,700 | 26 | 72,200 | 12,823,224 | 34,623 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,550 | 1,611 | 2,602,600 | 19,977,223 | 32,962 |
| AMATA | 00007 | 3,850 | +100 | +2.67% | 3,750 | 3,850 | 3,750 | 331 | 1,241,550 | 10,497,598 | 40,416 |
| MAEX | 00008 | 3,150 | +100 | +3.28% | 3,150 | 3,150 | 3,150 | 10 | 31,500 | 23,804,946 | 74,986 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 10th Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.13 | +2.14 | +0.61% | 361.24 | 361.24 | 353.69 | 2,997 | 10,606,050 | 8 | 667,962 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm,10th Jul. 2025

| Trading Volume | Trading Value |
|---|---|
| 2,997 (Shares) | 10,606,050 (MMK) |

### Main Board

As of 1:00 pm, 10th Jul. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,997 (Shares) | 10,606,050 (MMK) |

| MYANPIX | 354.13 ▲ 2.14 |
|---|---|
| Total Volume (shares) | 2,997 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 667,962 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,800 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,300 | ▼ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 3,850 | ▲ 100 |
| MAEX | 00008 | 3,150 | ▲ 100 |